**အမှာစကား**

ဤ "၂၀၁၇-၂၀၁၈ ခုနှစ်၊ လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ လက်စွဲစာအုပ်" မှာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ တစ်ဆယ့်ကိုးကြိမ်မြောက်အဖြစ် ထုတ်ဝေခြင်းဖြစ်ပါသည်။ ဤစာအုပ်ငယ် ဖြစ်မြောက်လာခြင်းမှာ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်မှု၏ ရလဒ်ပင်ဖြစ်ပါသည်။ ဤကဲ့သို့သော လက်စွဲစာအုပ်မျိုးကို နှစ်စဉ် ထုတ်ဝေနိုင်ရန် စဉ်ဆက်မပြတ်အားထုတ်ခဲ့သည့် ရည်ရွယ်ချက်မှာ အဓိကအရေးပါသည့် လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများကို အသုံးပြုလေ့ရှိကြသည့် မူဝါဒရေးဆွဲချမှတ်သူများ၊ စီမံကိန်း အကောင်အထည်ဖော်သူများ၊ သုတေသနပြုသူများနှင့် အလားတူအသုံးပြုသူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဖြစ်ပါသည်။

အစဉ်အလာအရ ဤစာအုပ်ငယ်တွင် အဓိကကျပြီး အသုံးဝင်လှသည့် လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ စုံလင်စွာပါရှိပေရာ စီးပွားရေး၊ လုပ်မှုရေးကဏ္ဍအသီးသီးနှင့် လွှမ်းခြုံသက်ဆိုင်သည့် အညွှန်းကိန်းများအပြင် အထူးအားဖြင့် လူဦးရေ၊ ဖွားသေစာရင်းအင်း၊ ကျန်းမာရေးနှင့် အာဟာရ၊ ပညာရေးနှင့် လေ့ကျင့်မှု၊ လုပ်သားအင်အား၊ စီးပွားရေးအညွှန်းကိန်းများ၊ စားသောက်ကုန်ထုတ်လုပ်မှု၊ မြေယာအသုံးချမှုနှင့် အခြားအညွှန်းကိန်းများ ပါရှိပေသည်။ ၎င်းအပြင် ဤလက်စွဲစာအုပ်၏ ထူးခြားချက်တစ်ခုမှာ မရှိမဖြစ်အရေးပါသည့် လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများကို အသုံးပြုသူများက အချိန်တိုအတွင်း ကိုးကားကြည့်ရှုနိုင်ရန် ပေါင်းချုပ်သဘောမျိုးဖြင့် စုစည်းဖော်ပြထားခြင်းဖြစ်ပါသည်။

ဤအညွှန်းကိန်းများသည် နိုင်ငံ၏လက်ရှိစီးပွားရေး နှင့် လုပ်မှုရေးအခြေအနေ အဆင့်အတန်းကို တစ်နည်းအားဖြင့် ဖော်ပြနိုင်သည်ဖြစ်ရာ အသုံးပြုသူများက ဤစာအုပ်၏ အရေးပါမှုကို အသိအမှတ်ပြု လက်ခံလျက်ရှိကြပါသည်။ ထို့ကြောင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနက အညွှန်းကိန်းနှင့် သက်ဆိုင်သည့်ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ အခြားသော ပုဂ္ဂလိကအဖွဲ့အစည်းများ၏ ပူးပေါင်းကူညီမှုနှင့် ပညာရပ်ဆိုင်ရာ ပံ့ပိုးဆောင်ရွက်မှုတို့ဖြင့် လက်စွဲစာအုပ်များ တစ်နှစ်ပြီး တစ်နှစ် စဉ်ဆက်မပြတ်ပေါ်ထွက်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေခြင်း ဖြစ်ပါသည်။ ယခုလို အခါအခွင့်သင့်ခိုက်တွင် လိုအပ်သည့် ယုံကြည်ကိုးစားနိုင်သည့် လူ့စွမ်းအား ဖွံ့ဖြိုးမှု အညွှန်းကိန်းများနှင့် စာရင်းအင်းအချက်အလက်များ အချိန်မီ စုဆောင်းပြုစုရရှိနိုင်ရေး အတွက် စိတ်ကောင်းစေတနာဖြင့် ကူညီပံ့ပိုးခဲ့ကြသည့် ဌာန၊ အဖွဲ့အစည်းများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြလိုပါသည်။

တစ်ဆက်တည်းမှာပင် ဌာန၊ အဖွဲ့အစည်းများ၏ မလျော့သော ပူးပေါင်းကူညီမှုနှင့် အားပေး ထောက်ခံမှုကို လက်ကမ်းကြိုဆိုပါကြောင်း ပြောကြားလိုသည့်အပြင် ဤလက်စွဲစာစောင်များ နှစ်စဉ်ထုတ်ဝေနိုင်ရေးကိုလည်း မျှော်မှန်းပါကြောင်း ဖော်ပြအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန